Chin National Front
General Headquarters
Chinland

# ၅၉ နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကျေညာချက်

– ၂၀၀၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသား ခေါင်းဆောင် ပူးဝမ်သူမောင်နှင့် တကွ ချင်းအမျိုးသား ခေါင်းဆောင်များဦးဆောင်၍ ချင်းပြည်အနယ်နယ် အရပ်ရပ်မှ ချင်းအမျိုးသား ကိုယ်စားလှယ်များစုဝေးလျက် ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့သော မြေရှင်ပဒေသရာဇ် စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့်အပြင် ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ဤမွန်မြတ်လှသော ရက်မြတ်အား ချင်းပြည်တဝှမ်းလုံးအပြင် တကမ္ဘာလုံးရှိ ချင်းအမျိုးသားများမှ အနှစ်သာရ ပြည့်ဝစွာ ဆင်နွှဲကျင်းပနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ လိုက်ရပေသည်။

– တန်းတူမှု၊ အပြန်အလှန်လေးစားမှုကို အခြေခံ၍ အမျိုးသားပြည်နယ်များ စုပေါင်းဖွဲ့စည်းထားသည့် ဖက်ဒရေပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်း၊ ကချင်၊ ရှမ်း၊ ဗမာ စသည့် တိုင်းရင်းသားလူမျိုးစုများအားလုံး ပင်လုံစာချုပ် ချုပ်ဆိုကာ ကိုလိုနီစနစ်အောက်မှ လွတ်လပ်ရေးကို အတူတကွ အရယူခဲ့ကြသည်။ လွတ်လပ်ရေးနှင့် အတူ နိုင်ငံရေးစနစ်ပါ ပြောင်းလဲနိုင်ရေးအတွက် ၁၉၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၉–၂၂) နေ့ရက်များ၌ ချင်းအမျိုးသား တို့အနေဖြင့် ဖလမ်းမြို့တွင် ချင်းအမျိုးသားညီလာခံတရပ် ကျင်းပခဲ့ပြီး ၄င်းညီလာခံက မြေရှင်ပဒေသရာဇ်စနစ်မှ ဒီမိုကရေစီစနစ် ကျင့်သုံးရန် တခဲနက် ဆုံးဖြတ်ခဲ့ကြသည်။ တဖန် ၁၉၈၈ ခုနှစ်၊ ပြည်သူ့အရေးတော်ပုံကြီးနှင့် ၁၉၉၀ ခုနှစ်ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် တိုင်းရင်းသားပြည်သူတရပ်လုံး၏ ဒီမိုကရေစီရေးလိုလားမှုအား ရှင်းလင်းစွာပြသနိုင်ခဲ့ကြသည်။ လွန်ခဲ့သော ၅၉ ခုနှစ်က ချင်းအမျိုးသား၊ ပြည်သူများ ရွေးချယ်ခဲ့ကြသည့် ဒီမိုကရေစီစနစ်သည် ယနေ့တိုင် ချင်းအမျိုးသားများ၏ စိတ်နှလုံးထဲတွင် ရှင်သန်ကိန်းအောင်းနေဆဲပင်ဖြစ်ပါသည်။

– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၌ ဒီမိုကရေစီထွန်းကားရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရေးတို့အတွက် အမျိုးသား ညီလာခံအား ကျင်းပနေသည်ဟု ပြောဆိုလေ့ရှိပေသည်။ ဤသို့ကျင်းပရာတွင် ပြည်သူများမှ ရွေးချယ်ခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များ မပါဝင်ခြင်း၊ စစ်မှန်သော တိုင်းရင်းသားကိုယ်စားလှယ်များ မပါဝင်ခြင်း၊ ပါတီကိုယ်စားပြု ကိုယ်စားလှယ်များမပါဝင်ခြင်း၊ တင်းကျပ်သော စည်းမျဉ်းဥပဒေများအောက်တွင် ကျင်းပလျက်ရှိခြင်းတို့သည် ဒီမိုကရေစီကျင့်စဉ်နှင့် မကိုက်ညီသဖြင့် မည်သို့မျှ ဒီမိုကရေစီစနစ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်၍ ရရှိနိုင်လိမ့်မည်မဟုတ်ပေ။ ဤအစီအစဉ်အတိုင်းသာ ဆက်လက်လုပ်ဆောင်နေပါက ပြည်သူ့ဆန္ဒ ခံယူပွဲတွင် ပြည်သူများ၏ ကန့်ကွက်မှုကို မလွဲမသွေ ကြေန်ကြုံတွေ့ရမည်သာ ဖြစ်သည်။ ပြည်သူ့ဆန္ဒကို လိမ်လည်၍ ရရှိသည့်တိုင်အောင် တိုင်းပြည်အား ပိုမိုဆိုးဝါးသော အခြေအနေသို့တွန်းပို့ သွားမည်သာဖြစ်သည်။ ထို့ကြောင့် နအဖအနေဖြင့် အဲန်အယ်လ်ဒီ အပါအဝင် နိုင်ငံရေးပါတီ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအလို့ငှာ နှစ်ဦးနှစ်ဖက်လက်ခံနိုင်သည့် နိုင်ငံရေးဖြစ်စဉ်တခု ဖော်ထုတ်အဖြေရှာရန် လိုအပ်နေပေသည်။

– ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေသည့် အချိန်ကာလဖြစ်နေ ပေသည်။ နအဖ၏ “ နိုင်ငံရေးတွင် စစ်တပ်က ဦးဆောင်မှုအခန်းကဏ္ဍ ဝင်ရောက်နေရာယူရေး”ကို အခြေခံသည့် “စည်းကမ်းရှိသော ဒီမိုကရေစီစနစ်”နှင့် ချင်းအမျိုးသားများက ဖလမ်းညီလာခံတွင်၄င်း၊ ၁၉၉၀ ရွေးကောက်ပွဲတွင်

၄င်း တခဲနက်ရွေးချယ်ခဲ့ကြသည့် စစ်မှန်သောဒီမိုကရေစီစနစ်တို့အနက် တခုခုကို ရွေးချယ်ကြရမည့် အချိန်သို့ ရောက်ရှိနေကြပေသည်။ ဤကဲ့သို့ တမျိုးသားလုံးဆိုင်ရာ အရေးကိစ္စနှင့် ပြည်ထောင်စုတခုလုံးဆိုင်ရာ အရေးကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်ကြရမည့် အချိန်ကာလတွင် တယောက်ကောင်းပုံစံမျိုးမဟုတ်ပဲ ချင်းအမျိုးသားပြည်သူ တရပ်လုံး စည်းလုံးညီညွတ်စွာလက်တွဲလျက် တခဲနက်ပါဝင်ကြရန် အထူးလိုအပ်ပေသည်။

– ရာစုနှစ်ဝက်ကျော် ပြည်တွင်းစစ်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အဖက်ဖက်မှ ယိုယွင်းပျက်စီးပြီး စီးပွါးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အင်မတန်ချွတ်ခြုံကျလျက်ရှိပေရာ ချင်းအမျိုးသားများစွာမှာ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထွက်ပြေးခိုလှုံနေကြသည်။ နောင်တချိန်တွင် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ တည်ဆောက်ကြမည်ဖြစ်ရာ တိုင်းတပါးရောက် ချင်းအမျိုးသားတို့အနေဖြင့် အနာဂါတ်တိုင်းပြည်အတွက် အကျိုးရှိမည့် အတတ်ပညာ၊ အသိပညာများ ဆည်းပူး လေ့လာထားကြရန် တိုက်တွန်းလိုပေသည်။

– သို့ဖြစ်ပါ၍ ချင်းအမျိုးသားတို့၏ ရိုးသားမှု၊ သစ္စာရှိမှုနှင့် လွတ်လပ်မှုကို မြတ်နိုးသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဆက်လက်ထိန်းသိမ်းလျက် စည်းစည်းလုံးလုံးဖြင့် ဒီမိုကရေစီကျင့်သုံးသော တန်းတူမှုရှိသည့် ဖက်ဒရေပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကျရာ အခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ကြရန် နှိုးဆော်လိုက်ရပေသည်။

ဗဟိုကော်မီတီ
၂၀၀၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့